လေ့လာခြင်း (၁၀)

## ဧဝံဂေလိသတင်းကောင်း

**ၐနွ သျစနူ**

ဤလေ့လာခြင်းတွင်ရှေးပိုင်းလေ့လာခြင်းများမှအချက်အလက်များကိုစုစည်းပြီးလေ့လာမည်။
အင်္ဂလိပ်စာလုံး -ါသျစနူ-သည် ရှေးအင်္ဂလိပ်စာလုံး ႘သိ ၂စနူ- မှလာ သည်။အဓိပ္ပါယ်မှာသတင်းကောင်းဖြစ်သည်။တခါတရံဓမ္မသစ်တွင် -လူကို ပျော်ရွှင်စေသည့်သတင်း-ဟူ၍သုံးသည် ဂရိဘာသာစကား-နညေါနူသေည- မှဘာသာပြန်သည်။

## ခရစ်တော်သင်ကြားခြင်း၏ဗဟိုချက်

ၐန ယနညအမန သ် ယ့မဂျွအ္ဆု အနခွေညေါ

မဿဲ၊မာကု၊လုကာနှင့် ယောဟန်ခရစ်ဝင်ကျမ်းတို့တွင် ယေရှုက ဣသရေလပြည်နယ်တလျှောက်လုံး၊ ဧဝံဂေလိသတင်းကောင်းကို ဟောကြား ခဲ့သည်။ (လာမည့်ဘုရားသခင်၏နိုင်ငံတော်ကိုဟောကြားသည်။)
-ယေရှုသည်တရားဇရပ်တို့၌ ဆုံးမဩဝါဒပေးလျက်နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကိုဟောလျက်လူများခံရသောအနာရောဂါအမျိုးမျိုးတို့ကိုငြိမ်းစေလျက်မြို့ရွာရှိသမျှတို့ကိုဒေသစာရီလှည့်လည်တော်မူ၏- (မ၉း၃၅)
-ယေရှုသည်ဂါလိလဲပြည်သို့ကြွပြီးဘုရားသခင်၏နိုင်ငံတော်သတင်းကောင်းဧဝံဂေလိတရားကိုဟောကြားခဲ့၏- (မာ၁း၁၄)
-ထာဝရဘုရား၏ဝိညာဉ်တော်သည်ငါ့အပေါ်၌ တည်တော်မူ၏။အကြောင်းမူကားဆင်းရဲသားတို့ အားဝမ်းမြောက်စရာ သတင်းကို ကြားပြောစေခြင်းငှါ ငါ့ကိုဘိသိတ်ပေးတော်မူပြီ။- (လု၄း၁၈)
-ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တပါး တည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို



ချစ်တော်မူ၏- (ယော၃း၁၆)
-ယေရှုကမင်းကြီးမေးသည့်အတိုင်း ငါသည်ရှင်ဘုရင်မှန်၏။ သမ္မာတရား ဘက်၌ သက်သေခံခြင်းငှါ၊ ငါသည်မွေးဖွားခြင်းကိုခံ၍ ဤလောကသို့ ကြွလာပြီ။- (ယော၁၈း၃၇)

## တပည့်တော်များဧဝံဂေလိတရားကိုသင်ကြားခဲ့ခြင်း

**ၐနိ ဗျခစူနျ အကေါ့အ အ့နွ သျစနူ**

ယေရှုကတပည့်တော်များအား သတင်းကောင်းများကို ပြောပြပြီး နောက်၊တခြားသူများအားသင်ကြားရန်စေလွှတ်သည်။
-ဘုရားသခင်၏နိုင်ငံ တော်အကြောင်းကိုဟောပြောစေခြင်းငှါ၄င်း၊ လူနာတို့ကို ချမ်းသာစေခြင်းငှါ၄င်းစေလွှတ်တော်မူ၏- (လု၉း၂)
ယေရှုပြန်ကြွလာပြီးနောက် တပည့်တော်များအား ဆက်လက်ဧဝံဂေလိတရား ဟောကြားရန်မှာကြားခဲ့သည်။ -သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှ သို့သွား၍ ဝေနေယျသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြား လော့။ ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက် လတံ့။- (မာ ၁၆း၁၅-၁၆)
နောက်ဆုံးစာပိုဒ်ကိုဖတ်ခြင်းအားဖြင့်ကျွန်ုပ်တို့သိရသည်မှာကယ်တင်ခြင်းရရှိရန်သတင်းကောင်းကိုယုံကြည်နာခံရမည်။

## ဧဝံဂေလိတရား၏စွမ်းအား

**ၐန စသတနမ သ် အ့နွ သျစနူ**

ဧဝံဂေလိတရား၏စွမ်းအားကြောင့်ပေါလုကဤသို့ရေးခဲ့သည်။
-ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ၊ အကြောင်းမူကား ထိုတရားသည် ရှေးဦးစွာ ယုဒလူ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသောဘုရားသခင်၏တန် ခိုးတော်ဖြစ်၏။- (ရော ၁း၁၆)
ယေရှုနှင့်တမန်တော်များသင်ကြားခဲ့သည့်သတင်းကောင်းကိုရှင်းလင်းစွာနား



လည်ရန်လိုအပ်ပါသည်။ပေါလုကဤသို့ထပ်ရေးခဲ့သည်။

-သို့သော်လည်း သင်တို့အား ငါတို့ဟောပြောသောဧဝံဂေလိတရားမှတပါး၊ အခြားသောဧဝံဂေလိတရားကိုငါတို့သည်ဟောပြောသော်၄င်း၊ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန်ဟောပြောသော်၄င်း၊ ဟောပြောသူသည်ကျိန် တော်မူခြင်းကိုခံစေ။- (ဂလ ၁း၈)

## ဧဝံဂေလိတရား(သတင်းကောင်း)ကိုတပည့်တော်များက မည်သို့နားလည်သနည်း။

**ႃအေါ်ငီ အ့နိ ၪျခၡစူန္ဒ ကညိနမ္ဒအညေိ ဘပ ႜန္စ သ္ဒစန္-**

ယေရှုကို ကားတိုင်မတင်မီ တပည့်တော်များသည် ဘုရားသခင် ၏နိုင်ငံတော်သတင်းကို ဟောပြောခဲ့ကြသည်။ လူများက ဤသတင်း ကောင်းကို မည်သို့နားလည်ကြသနည်း။ ယေရှုရှင်ပြန်ထမြောက်ပြီး နောက် လူနှစ်ဦးက သူ့ကိုပြောရာတွင် --- -ထိုသူက နာဇရက်မြို့သားယေရှု ၏အကြောင်းအရာပေတည်း။ ထိုသူသည်ဘုရားသခင်၏ရှေ့၊လူအပေါင်းတို့ ရှေ့မှာနှုတ်သတ္တိ၊လက်သတ္တိနှင့်ပြည့်စုံသောပရောဖက်ဖြစ်၏---------

-ထိုသူသည်ဣသရေလအမျိုးကိုရွေးနှုတ်အံ့သောသူဖြစ်သည်ဟုငါတို့သည်အထက်ကမြော်လင့်ကြပြီ။- (လု၂၄း၁၉နှင့်၂၁)

ယေရှု ကောင်းကင်ဘုံကြွမည့်အချိန်လေးမှာ တမန်တော်များက မေးမြန်းရာ -ယခုအခါကိုယ်တော်သည် ဣသရေလအမျိုးသားတို့အား နိုင်ငံကိုပြန်ပေး တော်မူမည်လော။- (တ၁း၆)

ဣသရေလလူတို့သည်ဘုရားသခင်၏နိုင်ငံတော်ကိုထိုအချိန်ထိုနေရာ၌ တည်မည်ကိုမြော်လင့်နေကြသည်။

ဘုရားသခင်၏နိုင်ငံတော်သည်ချက်ချင်းတည် ထောင်မည်ဟု သူတို့မြော်လင့်ကြသည်။ ယေရှုကသူတို့အားအချိန်မရောက် သေးကြောင်းဖြေ၏။ -ခမည်းတော်၏ တန်ခိုးအားဖြင့် စီရင်တော်မူသော အချိန်ကာလကိုသိရသောအခွင့်သည်သင်တို့၌ မရှိ။- (တ၁း၇)

၁၃၂

## ဘုရားသခင်၏ဂတိတော်များ

**ႃသိြ စမသာၪန္ဒ**

ယေရှုက ကောင်းကင်ဘုံ တက်ကြွရာတွင်၊ တပည့်တော်များကြည့် ရှုစဉ်၊ကောင်းကင်တမန်နှစ်ပါးကဘေးနားရပ်ပြီးသူတို့အားပြောကြားရာ - --သင်တို့နှင့်ခွါ၍ ကောင်းကင်သို့ယူဆောင်ခြင်းကို ခံတော်မူသော ထိုယေရှုသည်၊ သင်တို့မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော်မူသည် နည်းတူ တဖန်ကြွလာတော်မူလတံ့ဟုပြောဆို၏။- (တ၁း၁၁)-

တမန်တော်ဝတ္တုနှင့် အသင်းတော်ထံသို့ ပေးပို့သည့်စာများ ဖတ်ရှုရာတွင် ဤဂတိတော်သည် တမန်တော်များ၏ ဟောပြောချက်၌ ထပ်ခါတလဲလဲ ပါဝင်သည့် အကြောင်းအရာ ဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော်နှင့် ပတ်သက်သည့်ဂတိတော်များ၊ယေရှုဒုတိယအကြိမ်ပြန်ကြွလာပြီးဖြည့်စွမ်းရန်မြော်လင့်နေကြသည်။

-ဧဝံဂေလိတရား- ဟူသောစကားသည် ဓမ္မသစ်မှာသာတွေ့နိုင်သော်လည်း၊ ဘုရားသခင်၏ နိုင်တော်သတင်းကောင်းသည် အစကနဦး ဘုရားသခင်၏ ဂတိတော်၌ အခြေခံလျက်ရှိနေပြီ။

## ဒေင်၌ ရှိသောသတင်းကောင်း

**ႃန္စ သ္ဒစန္ ညေ နိနည**

ကမ္ဘာဦးကျမ်း၌ အာဒံနှင့်ဧဝတို့သည်ဘုရားသခင်၏ပညတ်တော်ကိုနာခံခြင်းမရှိသည့်နောက်ပိုင်းဘုရားသခင်သည်မြွေကိုပြေ ာခဲ့သည့်စကားမှာ

-သင်နှင့်မိန်းမကွိုင်း၊သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကွိုင်း၊ငါသည်ရန်ငြိုးဖွဲ့စေမည်။သူသည်သင်၏ခေါင်းကိုကြိတ်လိမ့်မည်။သ င်သည်သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟုမိန့်တော်မူ၏။- (က၃း၁၅)

ဤသည်မှာအပြစ်တရားနှင့်သေခြင်းတရား၏စွမ်းအားကိုနောက်ဆုံး၌ ဖျက်စီး ခြင်းခံရမည်။ယေရှုသည်ဤတာဝန်ကိုလာရောက်ထမ်းဆောင်ရန်ဖြစ်ပါသည်(ဟေဗြဲ၂း၁၄-၁၅) ကို ဖတ်ရှုကြပါ။

၁၃၃

## အာဗြဟံအားပေးသောသတင်းကောင်း

**ႃန္စ သ္ဒစန္ အသ ဗဘမ္ဒေ**

အာဗြဟံအားဘုရားသခင်ပေးခဲ့သောဂတိတော်ကိုလေ့လာပြီးကြပြီ။တမန်တော်ပေါလု ရေးခဲ့သည်မှာ -ဘုရားသခင်သည် ယုံကြည်ခြင်းကို ထောက်၍၊ တပါးအမျိုးသားတို့ကို ဖြောင့်မတ်ရာ၌ တည်စေတော်မူမည်ဟု ကျမ်းစာသည် မြော်မြင်လျက်၊

အာဗြဟံအားအမိန့်ရှိ၍၊ သင့်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ဧဝံဂေလိတရားကိုဟောနှင့်လေ၏။- (ဂလ၃း၈)
ယေရှုဒုတိယအကြိမ်ကြွလာစဉ် အာဗြဟံအားသေခြင်းမှ ရှင်ပြန်ထမြောက်စေပြီးဘုရားသခင်ကအာဗြဟံနှင့်ပြုခဲ့သောဂတိတော်များသည်တခုစီတခုစီဖြည့်စွမ်းမည်။
ဤဂတိတော်များသည် ဣဇက်နှင့် ယာကုပ် တို့အား အတည်ပြုခဲ့သည်။ သူတို့သည်လည်းယေရှုပြန်ကြွလာစဉ်သေခြင်းမှရှင်ပြန်ထမြောက်ပြီး၊ဘုရားသခင်၏နိုင်ငံတော်၌ ဂုဏ်ပြုခြင်းခံရမည်။ (မ၈း၁၁)

## ဒါဝိဒ်အားပေးသောသတင်းကောင်း

ၜနူ သျစနူ အသီ လေဝိ

ဘုရားသခင်၏နိုင်ငံတော်သတင်းကောင်းသည်ပရောဖက်နာသန်မှတဆင့်ဒါဝိဒ်အားပြောခဲ့သည်။ (၂ရာ ၇း၁၂-၁၆)
-သင်မှဆင်းသက်သောသားကို ငါချီးမြှောက်၍ သူ၏နိုင်ငံကို တည်ထောင် မည်။----- သူထိုင်သောရာဇပလ္လင်ကိုအစဉ်အမြဲငါတည်စေမည်။-----
သင်၏အမျိုးအနွယ်နှင့်သင်၏နိုင်ငံသည်ငါရှေ့မှာအစဉ်အမြဲတည်လိမ့်မည်။သင်၏ရာဇပလ္လင်သည်လည်းအစဉ်အမြဲတည်လိမ့်မည်။- (၂ရာ ၇း၁၂-၁၆)
နောက်ပိုင်းမှာ ဣသရေလအမျိုးသည် ဘုရားသခင်ကို စွန့်ခွါသော်လည်း၊ ဘုရားသခင်ကသူ၏ဂတိတော်ကိုမမေ့ခဲ့ပါ။ဂတိတော်ကိုဒါဝိဒ်၏ဆာလံကျမ်းများ၌၎င်းပရောဖက်စာများ၌၎င်းထပ်ခါတလဲလဲတွေ့မြင်ရသည်။ဘုရားသခင်သည်ပရောဖက်ယေဇကျေလမှတဆင့် ယုဒနောက်ဆုံးဘုရင်အားပြောရာတွင်



-နိုင်ငံကို ဆုံးစေခြင်းငှါ၊ အစိုးပိုင်သော သူမရောက်မီ တိုင်အောင်၎င်း ငါမှောက်လှန်မည်။ မှောက်လှန်မည်။ မှောက်လှန်မည်။ အစိုးပိုင်သောသူ၌ ငါအပ်မည်ဟုအရှင်ထာဝရဘုရားမိန့်တော်မူ၏။- (ယေဇ ၂၁း၂၇)
ယေရှုမွေးဖွားချိန်မှာ ကောင်းကင်တမန်တော်က မာရိအားဂတိတော်အသစ် တဖန်ပြုခဲ့သည်။
-ထိုသားသည်ကား၊ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသောဘုရား ၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရအရှင်ဘုရားသခင်သည် သူ့အားပေးတော်မူမည်။ထိုသူ သည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ်အုပ်စိုးလိမ့်မည်။ သူ၏ နိုင်ငံသည်လည်းဆုံးခြင်းမရှိရ။- (လု၁း၃၂-၃၃)

## ကျွန်ုပ်တို့အားပေးသောသတင်းကောင်း

ၜနူ သျစနူ အသ ကျ

သမ္မာကျမ်းမှ ကျွန်ုပ်တို့အားပေးပို့သော သတင်းသည် ဘုရား သခင်၏နိုင်ငံတော်သတင်းကောင်းဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော် တည်ထောင်ရန် ယေရှုသည် မကြာမီကမ္ဘာမြေပေါ်သို့ ပြန်ကြွလာမည်။ မဿဲခရစ်ဝင်ကျမ်း အခန်း၂၅ကိုဖတ်ပါ။ ယင်းထဲမှာဥပမာ(၃)ခုသည် ကျွန်ုပ်တို့အားဘုရားသခင်၏နိုင်ငံတော်၌ ပါဝင်လိုလျှင်သတိထားစောင့်ကြည့်ခြင်း၊အလုပ်ကြိုးစားလုပ်ခြင်းနှင့် ခရစ်တော်၏အချစ်ကို တုံ့ပြန်တတ်ခြင်းစသည် တို့သင်ကြားထားပါသည်။
ဥပမာ (၁) (၁၀)ယောက်သောသတိုးသမီး
အဆင်သင့်ပြင်ဆင်ထားခြင်းနှင့်သတိထားစောင့်ကြည့်ခြင်းရှိသောသတိုးသမီးများသည်ပွဲတော်ဝင်ရန်ဖိတ်ကြားခြင်းခံရသည်။ပြင်ဆင်မှုမရှိသူများမှာဆီများကုန်ခန်းသဖြင့်၊ပွဲတော်တံခါးပိတ်ထားသည်ကိုတွေ့ရသည်။
ဥပမာ (၂) စွမ်းရည်ရှိသူများ
ယေရှုသည် စွမ်းရည်သုံးတတ်ခြင်းကို အသိအမှတ်ပြုသည်။ ကျွန်ုပ်တို့အခွင့်အရေးရှိတိုင်း၊ဉာဏ်စွမ်းကိုအသုံးပြုသည့်အတွက်ယေရှုကဆုချီးမြှင့်မည်။



ဥပမာ (၃) သိုးထိန်းများ
ကောင်းသောသိုးထိန်းသည် သူ၏သိုးများကို မှတ်မိသည့်ပြင်၊ သူတို့၏လုပ် ဆောင်ချက်များကို လည်းနားလည်သည်။ လိုအပ်သောသူများကို ကူညီပေး တတ်ခြင်းနှင့်ထိုသို့ကူညီပေးတတ်သည်ကိုအသိအမှတ်ပြုလက်ခံသည်။

## ကျွန်ုပ်တို့ဘာပြုလုပ်ရမည်နည်း

ျအေ၁ကျအ တနိ သ၊

ကျွန်ုပ်တို့သည်နောင်တရကာ၊စိတ်ပြောင်းလဲရမည်။ -အချိန်ပြည့်စုံ ပြီ၊ ဘုရားသခင်၏ နိုင်ငံတော်သည် တည်လုနီးပြီ။ နောင်တရကြလော့၊ ဧဝံဂေလိတရားကိုယုံကြည်ကြလော့။- (မာ၁း၁၅)

-ထိုကြောင့်ထာဝရဘုရားထံတော်မှချမ်းသာသောအချိန်ကာလသည်ရောက်လာ၍၊သင်တို့အဘို့ငါ ခန့်ထားတော်မူနှင့်သော ယေရှုခရစ်ကို စေလွှတ်တော်မူ အကြောင်း၊ သင်တို့အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲ ခြင်းသို့ရောက်ကြလတံ့။- (တ၃း၁၉-၂၀)

-ဘုရားသခင်သည်မိုက်မဲသောအချိန်ကာလတို့ကိုအမှုမထားဘူးသော်လည်း၊ယခုမှာကိုယ်အပြစ်ကိုမြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌
ရှိသောလူအပေါင်းတို့အားပညတ်တော်မူ၏။အကြောင်းမူကားခန့်ထားတော်မူသောသူအားဖြင့်လောကီသားတို့ကို
ဖြောင့်မတ်ခြင်းတရားနှင့် ညီလျော်စွာ
စစ်ကြောစီရင်မည့်နေ့ရက်ကိုချိန်းချက်တော်မူပြီ။- (တ၁၇း၃၀-၃၁)

ကျွန်ုပ်တို့သည် ယေရှုနောက်လိုက်ပြီး၊ ကျွန်ုပ်တို့၏ စိတ်နေသဘောထား ဟောင်းကိုပြောင်းလဲရမည်။ဗတ္တိဇံခံယူခြင်းအားဖြင့်လူသစ်စိတ်သစ်ဖြစ်ရမည်မှာလိုအပ်ကြောင်း၊နောက်တခန်းမှာလေ့လာမည်။

-ခရစ်တော်၌ ဗတ္တိဇံကိုခံသော သူရှိသမျှတို့သည် ခရစ်တော်ကိုယူတင်ဝတ် ဆောင်သောသူဖြစ်ကြ၏------ ခရစ်တော် နှင့်စပ်ဆိုင်လျှင် အာပြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍ဂတိတော်အတိုင်းအမွေခံ၏အရာ၌ တည်ကြ၏။- (ဂလ၃း၂၇-၂၉)



ဤသည်မှာ ဧဝံဂေလိတရားဖြစ်၍ ဘုရားသခင်၏နိုင်ငံတော်သတင်းကောင်း ဖြစ်ပါသည်။တပည့်တော်များကဲ့သို့ကျွန်ုပ်တို့သည်လည်းဤဖြစ်ရပ်ကိုအမြန်
ဆုံးဖြည့်စွမ်းရန် မျှော်လင့်နေကြပါသည်။ ဤအတွက်ကြောင့် ယေရှုက ကျွန်ုပ်တို့အား ဆုတောင်းရာတွင် - နိုင်ငံတော်တည် ထောင်ပါစေသော - ဟုသွန်သင်ခဲ့ပါသည်။□

-ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့အဘ ကိုယ်တော်၏နာမတော် အားရိုသေလေးမြတ်ခြင်းရှိပါစေသော။နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့မြေကြီးပေါ်မှာပြည့်စုံပါစေ
သော။အသက်မွေးလောက်သောအစာကိုကျွန်ုပ်တို့အားနေ့ရက်အစဉ်အတိုင်းပေးသနားတော်မူပါ။ အကျွန်ုပ်တို့ကို ပြစ်မှားသောသူရှိသမျှတို့၏ အပြစ်ကို ကျွန်ုပ်တို့သည်လွှတ်သောကြောင့်၊ကျွန်ုပ်တို့၏အပြစ်များကိုလွှတ်တော်မူပါ။အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းသော အမှုအရာမှ လည်း ကယ်နှုတ်တော်မူပါဟု ဆုတောင်းကြလော့ဟု မိန့်တော်မူ၏- (လု၁၁း၂-၄)

**အကျဉ်းချုံးများ** ကာ၁မေပ

-ွသျစနူ-စလုံး၏အဓိပ္ပါယ်မှာ -သတင်းကောင်း- ဖြစ်သည်။

- ယေရှုနှင့်တပည့်တော်များသင်ကြားခဲ့သည့်အဓိကအကြောင်းမှာ -လာမည့် ဘုရားသခင်၏ နိုင်ငံတော်သတင်းကောင်း- ဖြစ်ပါသည်။
- ကယ်တင်ခြင်းရရန်ဧဝံဂေလိတရားကိုနားလည်ခြင်း၊ယုံကြည်ခြင်းနှင့်လိုက်နာ ခြင်းသည်လိုအပ်ချက်များဖြစ်ပါသည်။
- ဓမ္မသစ်နှင့်ဓမ္မဟောင်းကျမ်းစာများတလျှောက်လုံး ဧဝံဂေလိတရားကိုသင် ကြားခဲ့ပါသည်။
- သတင်းကောင်းများသည်ယခုတိုင်ကျွန်ုပ်တို့အားဟောပြောနေကြပါသည်။
- ဧဝံဂေလိတရားမှပေးပို့သောသတင်းများကိုကြားခြင်း၊နားလည်ခြင်း၊နောင်တရပြောင်းလဲပြီး လိုက်နာကျင့်သုံးလျှင် ဘုရားသခင်၏ နိုင်ငံတော်၌ တနေရာရမည်။



- အာပြဟံနှင့်ရှေးသစ္စာရှိသော ယုံကြည်သူများနည်းတူ၊ဧဝံဂေလိတရားတော်၏သွန်သင်မှုကိုကောင်းသောတုံ့ပြန်မှုရှိရမည်။

**ဖတ်ရှုရန်ကျမ်းချက်များ**

၂ရာ ၇ ။ ဆာ ၉၆။ ဟေရှာ ၅၅။ တ၉။ ဆာ ၁။

**လေ့လာခြင်း(၁၀) မှ မေးခွန်းတိုများ**

၁။ ႎသျစနူ-စလုံး၏အဓိပ္ပါယ်မှာ

(က) သတင်း (ခ) ႎသျိစနူ

(ဂ) ကောင်းသောသတင်း  (ဃ) ပေးပို့သောသတင်း

၂။အောက်ပါမည်သည့်ကျမ်းပိုဒ်များသည်၊ယေရှုကနိုင်ငံတော်သတင်း ကောင်းကိုဟောပြောသနည်း။

(က) မဿဲ ၁း၁၄  (ခ) လုကာ ၄း၁၈

(ဂ) မာကု ၁း၁၄  (ဃ)လုကာ ၁း၁၄

၃။ယေရှုအပြင်မည်သူကသတင်းကောင်းဟောကြားသေးသလဲ။

(က) ဂျူးရဟန်းမင်း  (ခ) ရောမအုပ်စိုးသူ

(ဂ) တပည့်တော်များ  (ဃ)ပညာရှိများ

၄။ ကမ္ဘာမြေပေါ်  ဘုရားသခင်၏နိုင်ငံတော်မည်သည့်အချိန်မှာ တည်ထောင် မည်နည်း။

(က) မသိပါ  (ခ) ရှိနေပြီးပြီ

(ဂ) ယေရှုကမ္ဘာမြေပေါ် ပြန်ကြွလာစဉ် (ဃ) မတည်ထောင်နိုင်ပါ။



၅။ ယေရှုကောင်းကင်ဘုံကြွစဉ် တပည့်တော်များအား၊ ယေရှုပြန်ကြွလာအုံး မည်ကိုမည်သူကပြောသနည်း။

(က) ဘုရားသခင်  (ခ) ယေရှု

(ဂ) ကောင်းကင်တမန်တော်တပါး  (ဃ)ကောင်းကင်တမန်တော်နှစ်ပါး

၆။ သမ္မာကျမ်းမှကယ်တင်ခြင်းဂတိတော်ကိုမည်ကဲ့သို့ရရှိမည်နည်း။

(က)သူငယ်ချင်းပေါ် ကောင်းခြင်း (ခ)နိုင်ငံ၏ဥပဒေကိုနာခံခြင်း

(ဂ) ဥစ္စာများဝေငှပေးခြင်း  (ဃ)ဧဝံဂေလိတရားကိုနားလည်  ယုံကြည်၊နောင်တရ၊နာခံခြင်းရှိ ရမည်။

၇။ အပြစ်တရား နှင့် သေခြင်းတရားကို လူသားတို့ကရှုန်းကန်တိုက်ခိုက်ရ မည်ဟု ဘုရားသခင်၏ မည်သည့်ဂတိတော်က ကြိုတင်ဟောကြားထား သနည်း။

(က) ဧဒင်ဥယျာဉ်ရှိဂတိတော်  (ခ) နောအေားပေးသောဂတိတော်

(ဂ)အာဗြဟံအားပေးသောဂတိတော် (ဃ) ဒါဝိဒ်အားပေးသောဂတိတော်

၈။ ဧဝံဂေလိတရားကို အာဗြဟံအား ဟောကြားခဲ့သည်ကို ဓမ္မသစ်မှမည် သည့်ကျမ်းချက်ကဆိုထားသနည်း။

(က) ဂလာတိ ၈း၃  (ခ) ရောမ ၈း၃

(ဂ) ဂလာတိ ၃း၈  (ဃ) ရောမ ၃း၈

၉။ ဒါဝိဒ်အား ဘုရားသခင်၏နိုင်ငံတော်သတင်းကောင်းကို မည်သည့်ပရော ဖက်ကပြောခဲ့သနည်း။

(က) ဒံယေလ  (ခ) ဟေရှာယ

(ဂ) ဧလိယ  (ဃ)နာသန်



၁၀။ တမန်တော်ဝတ္ထုအခန်းကြီး (၉) ၌  မည်သည့်တပည့်တော်က ရှောလု (ပေါလု)အားဗတ္တိဇံခံရန်ကူညီခဲ့သနည်း။

(က) ပေတရု  (ခ) အနေ္နီ ဗညိမနတ

(ဂ) အာနနိ  (ဃ) ယောဟန်

Carelinks, PO Box 152, Menai NSW 2234 AUSTRALIA  www.carelinks.net